## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 16 , 2026 Volume 100 , Number 10

၁၆. ၃. .၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၀၃.၈၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၉.၈၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၈၂.၆၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၇၄.၉၄ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၀.၉၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၂၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၂၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၆.၂၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၈၉ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၃၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

### ပဲကြီးဈေးကွက်သုံးသပ်ချက်




ပြည်တွင်းအဓိကစားသုံးပြီး ပြည်ပတင်ပို့နေသည့် ပဲကြီးက ယခုရက်သတ္တပတ်တွင် ပြည်ပဈေးမြင့်တက်ပြီး ပြည်တွင်းဈေးက ကျဆင်းနေသည်။

ရန်ကုန်ဈေးကွက်တွင် ပဲကြီးပြည်ပရောင်းချသည့် FOB ဈေးကတစ်တန်ဒေါ်လာ ၃၅ ဒေါ်လာ ဈေးမြင့်တက်သွားသည်။ ပဲကြီး FOB ဈေး တစ်တန် ဒေါ်လာ ၁၁၇၅-၁၁၈၅ မှ ၁၂၀၅-၁၂၁၅ သို့ ဈေးပြောင်းသွားသည်။

ပဲကြီးပြည်တွင်းဈေးက ရန်ကုန်ဈေးကွက်တွင်အတက်အကျအပြောင်းအလဲများ ရှိနေပြီး မန္တလေးဈေးကွက်တွင် ဈေးဆက်တိုက် ကျဆင်းနေသည်။

ရန်ကုန်ဈေးကွက်တွင် ပဲကြီးပြည်တွင်းဈေးက ပဲကြီး (ကုန်း) 2026 တစ်ပိဿာ ကျပ် ၆၇၈၀-၆၉၆၀ မှ၇၈၂၅-၈၀၀၀သို့ ဈေးမြင့်တက်ပြီးနောက် ၇၄၇၅-၇၆၅၅ သို့ ဈေးပြောင်းသွားသည်။ ပဲကြီး (ရွှေကျွန်း) တစ်ပိဿာ ကျပ် ၇၅၂၀-၇၇၇၀ မှ ၈၃၁၅- ၈၄၁၀ သို့ ဈေးမြင့်တက်ပြီးနောက် ၇၉၆၀-၈၃၂၀ သို့ ဈေးပြောင်းသွားသည်။

မန္တလေးဈေးကွက်တွင် ပဲကြီးဈေးက အမျိုးအစားအားလုံးနီးပါး ဈေးပြန်ကျသည်။ ပဲကြီးအသစ်များ ဈေးကွက်ဝင်လာသဖြင့် ပဲကြီးတစ်တန်လျှင် ကျပ် ၃၀၀,၀၀၀ ကျော် ဈေးကျဆင်းသွားသည်။

ပဲကြီးကို လုပ်ငန်းသုံးရန်၊ သိုလှောင်ရန် ဝယ်လိုအားရှိနေသော်လည်း ပဲအသစ် ဈေးကွက်ဝင်ချိန်ဖြစ်သောကြောင့် မန္တလေးဈေးကွက်တွင် ပဲကြီး (ကြီး) တစ်တန် ကျပ် ၅,၃၂၀,၀၀၀ ကျော်မှ ၄,၈၇၀,၀၀၀ ကျော်၊ ပဲကြီး (လတ်) တစ်တန် ကျပ် ၄,၉၈၀,၀၀၀

ကျော်မှ ၄,၆၅၀,၀၀၀ ကျော်သို့ ဈေးကျဆင်းပြီး ပဲကြီး (သေး) တစ်တန် ကျပ် ၄,၄၃၀,၀၀၀ ကျော်ဖြင့် ဈေးငြိမ်နေသည်။

**Source :** https://htwettoe.com/

## ခာတ်မြေသြဇာဈေးနှုန်း တည်ငြိမ်အောင် ထိန်းသိမ်းရန် တိုက်တွန်း



လက်ရှိဖြစ်ပွားနေတဲ့ အရှေ့အလယ်ပိုင်းပြဿနာတွေအရ ဓာတ်မြေသြဇာ ဈေးနှုန်းတွေ မြင့်တက်လာနိုင်တဲ့အတွက် အတတ်နိုင်ဆုံး ဈေးနှုန်းတည်ငြိမ်အောင် ထိန်းသိမ်းဆောင်ရွက်ပေးဖို့နဲ့ ခွင့်ပြုပေးထားတဲ့ လိုင်စင်လက်ကျန်တွေ အမြန်တင်သွင်းကြဖို့ လိုအပ်တယ်လို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပြောပါတယ်။

မတ်လ၁၃ရက်က ပြုလုပ်တဲ့ ယူရီးယားဓာတ်မြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှာ ဦးဆောင်ကော်မတီဥက္ကဋ္ဌလည်းဖြစ်တဲ့ ဦးလှမိုးက အခုလိုပြောတာပါ။

သက်ဆိုင်ရာဌာနတွေအနေနဲ့လည်း ရန်ကုန်အထိုင်ရည်ညွှန်းဈေးကို အခြေခံပြီးဒေသအလိုက် သယ်ယူပို့ဆောင်စရိတ်နဲ့ အရောင်းဆိုင်အမြတ်တို့အပေါ် ပိုမိုရောင်းချနေမှုရှိ/မရှိ၊ သွင်းအားစုတွေ သိုလှောင်ဈေးကစားမှုရှိ/မရှိတို့ကို စစ်ဆေးဆောင်ရွက်ပေးဖို့လည်း မှာကြားပါတယ်။

လက်ရှိမတ်လအတွက် ဓာတ်မြေသြဇာ ရည်ညွှန်းဈေးတွေကတော့ ယူရီးယားတစ်အိတ်ကို ငွေကျပ် ၉၄,၀၀၀၊ ၁၅ပတ်လည် ကွန်ပေါင်းဓာတ်မြေသြဇာ တစ်အိတ်ကို ငွေကျပ် ၁၁၅,၀၀၀ နှုန်း သတ်မှတ်ထားတာဖြစ်ပါတယ်။

အခု ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ် အတွင်း ၂၀၂၅ခုနှစ် ဧပြီ ၁ ရက်ကနေ ၂၀၂၆ခုနှစ် ဖေဖော်ဝါရီ ၂ ရက်အထိ မြေသြဇာ တန်ချိန် ၁,၁၁၈,၀၄၂ ဒသမ ၆ တန် တင်သွင်းခဲ့တယ်လို့ ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီကနေ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## စက်သုံးဆီဂယက် တောင်သူတွေအခက်တွေ့နေ




လက်ရှိဖြစ်ပေါ်နေသော စက်သုံးဆီပြဿနာကြောင့် လတ်တလော စပါးစိုက်ရန်ပြင်ဆင်နေသည့်တောင်သူများ အခက်အခဲမျိုးစုံဖြင့် ရင်ဆိုင်နေရကြောင်း သိရပါတယ်။

မကြာခင်စိုက်ပျိုးရတော့မည့်မိုးစပါးအတွက် လယ်ယာမြေထွန်ယက်ရတော့မည်ဖြစ်သော်လည်း စက်သုံးဆီ ဝယ်ယူရခက်နေသဖြင့် တောင်သူအများစုအကြပ်ရိုက်နေကြခြင်းဖြစ်ကြောင်း ပုသိမ်ကြီးမြို့နယ်ဒေသခံ စပါးစိုက်တောင်သူများက ဆိုပါတယ်။

"ကျွန်တော်တို့ချည်းပဲမဟုတ်ဘူး၊ မိုးစပါးစိုက်တောင်သူမှန်သမျှ ဒီလကုန်လောက်ကိုထွန်ရေးဝင်ရမယ်၊ ခက်တာကဆီက ဝယ်မရဘူး၊ ဈေးကြီးပေးနိုင်ရင်တောင် လိုသလောက်ဝယ်မရဘူး၊ ဆိုင်ကြီး(တရားဝင်စက်သုံးဆီဆိုင်)တွေက အရင်လိုရောင်းမပေးတော့ဘူး၊ ကျွဲ/နွားနဲ့ထွန်ဖို့ကျတော့လည်း၊ အဲဒါတွေက စက်မှုလယ်ယာပြောင်းကတည်းက စက်(စက်ယန္တရား)တွေနဲ့လဲလိုက်ပြီ၊ ဒီတစ်ခေါက်ဆီဂယက်က တောင်သူတွေကို အတော်လေးအကျပ်


ရိုက်စေတယ်၊အချိန်တန်လို့မစိုက်နိုင်ရင်နောက်ဆက်တွဲပြဿနာတွေကလည်းရှိသေးတယ်"လို့တောင်သူတစ်ဦးကပြောပါတယ်။

ဆန်စပါးအများဆုံးစိုက်ပျိုးထုတ်လုပ်သည့်မြန်မာနိုင်ငံတွင် မကြာခင် မိုးရာသီရောက်ရှိတော့မည်ဖြစ်ပြီး မိုးစပါးစိုက်ပျိုးရန်အတွက် စပါးစိုက်တောင်သူများကပြင်ဆင်နေကြပြီဖြစ်ပါတယ်။

သို့ရာတွင် လတ်တလောရင်ဆိုင်ကြုံတွေ့နေရသည့် စက်သုံးဆီဖယ်ယူရခက်ခဲသည့်ပြဿနာကြောင့်၊ လယ်ယာမြေထွန်ယက်ရန် အခက်အခဲဖြစ်နေကြကြောင်း သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## IMEI ကုတ်ဖြင့် မှတ်ပုံတင်မည့်စနစ်ကြောင့် မိုဘိုင်းဖုန်းဆက်ဈေးကွက်အတွင်း လှုပ်ခတ်မှုများရှိနေ



ဧပြီလ(၁)ရက်မှစတင်ကာ မိုဘိုင်းဟန်းဆက်များတွင် (CEIR) စနစ်ဖြင့်မှတ်ပုံတင်ရမည်ဖြစ်ရာ မိုဘိုင်းဟန်းဆက်ဈေးကွက်အတွင်း တရားဝင်တင်သွင်းထားသူများနှင့် မှောင်ခိုတင်သွင်းထားသူများပါ အရေးပေါ်မှတ်ပုံတင်ခြင်းများဆောင်ရွက်နေကြကြောင်းသိရသည်။

"IMEI ကုတ်တွေနဲ့တိုက်ဆိုင်စစ်ဆေးမယ်ဆိုရင် အခွန်ရှောင်ပြီးသွင်းထားတဲ့ဖုန်းအရေအတွက်က ဈေးကွက်ထဲမှာ ၅၀ ရာခိုင်နှုန်းကျော်လောက်ရှိတယ်။ အကုန်လုံးကို ပြန်ပြီးဆင်းကတ်နဲ့တွဲနေကြတာ။ ဆင်းကတ်က တရားဝင် ဖြစ်ရင်တောင် ဘာဆက်ဖြစ် မလဲဆိုတာတော့ စောင့်ကြည့်ရမှာဘဲ။ သတင်းတွေက အမျိုးမျိုးထွက်နေတော့ မတ်လ၃၁ ရက်နောက်ပိုင်း ဘာဖြစ်မလဲဆက်စောင့်ကြည့်ရမှာပေါ့"ဟုရန်ကုန်မြို့ခံမိုဘိုင်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးကပြောသည်။

လက်လီမိုဘိုင်းဖုန်းဈေးကွက်အတွင်း ဖုန်းအသစ်ရောင်းချနေသူများသာမက တစ်ပတ်ရစ်ဖုန်း အရောင်းအဝယ် ပြုလုပ် နေသူများပါလတ်တလောတွင်ဈေးနှုန်းများလျှော့ချရောင်းချနေခြင်းများရှိနေကြောင်းသိရသည်။

"မိုဘိုင်းဈေးကွက်က စီးပွားရေးမကောင်းလို့ အရောင်းအဝယ်အေးနေတဲ့အပြင် အခုလို သတင်းတွေ ထွက်ပေါ်လာတော့ မိုဘိုင်းဖုန်းဝယ်တဲ့ သူနည်းသွားတယ်။ IMEI ကုဒ်နဲ့ဆင်းကတ် တွဲပြီးတော့သိမ်းထားတဲ့စနစ်က အရင်ကတည်းက ရှိတာပါ။ ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် (CEIR) ကအရင်ကတည်းကရှိနေတာပါအခုမှအကောင်အထည်ဖော်တဲ့ သဘောပါပဲ"ဟုနည်းပညာကျွမ်းကျင်သူတစ်ဦးကပြောသည်။

(CEIR) စနစ်မှာ လက်ရှိအသုံးပြုနေသည့် မိုဘိုင်းကွန်ရက်အတွင်း တပ်ဆင်ထားပြီးဖြစ်ကြောင်းနှင့် ဆူပူအုံကြွစေရန်လှုံ့ဆော်သူများနှင့်အကြမ်း ဖက်တိုက်ခိုက်ရန် ပြုလုပ်သည့်မသမာသူများကို ခြေရာခံရန်သုံးစွဲနေပြီဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

"လက်ရှိဈေးကွက်ထဲမှာ အခွန်ရှောင်ပြီး တင်သွင်းထားတဲ့ဖုန်းတွေ နဲ့မှောင်ခိုတစ်ပတ်ရစ်ဖုန်းတွေကတော့ အခုဆင်းကတ်တွေဝယ်ပြီးမှတ်ပုံတင်နေကြတာပဲ။ နောက်ဆိုဖုန်းအသစ်တစ်လုံး ဝယ်ရင်ဆင်းကတ်တစ်ခုပါ လက်ဆောင်ရမဲ့ သဘောပဲ၊ နိုင်ငံခြားကနေပြန်လာတဲ့သူတွေရဲ့ ဖုန်းတွေဟာ နောင်တစ်ချိန်မှာ အလွယ်တကူဟန်းဆက်အသစ်တွေ တစ်ပတ်ရစ်ဖုန်းတွေသုံးမယ်ဆိုရင် အခက်အခဲရှိနိုင်ပါတယ်"ဟု နည်းပညာကျွမ်းကျင်သူတစ်ဦးက သုံးသပ်သည်။

ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် (CEIR) ကိုတရားဝင်ထုတ်ပြန်လာပြီဖြစ်ရာ မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းသုံးစွဲသူ သန်း၂၀ကျော် ခန့်ရှိပြီး MPT ၊ Atom ၊ U9 ၊ Mytel စသည့် ကုမ္ပဏီကြီးများမှ ဝန်ဆောင်မှုပေးအပ်နေကြောင်း ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်များအရ သိရသည်။

**Source :** https://www.npnewsmm.com/

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိသာ ငွေကျပ် ၆၅၇၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ



စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ် ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့မှ ၁၉ ရက်နေ့အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိသာလျှင် ငွေကျပ် ၆၅၇၅ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန် ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တို့တွင် ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

Source : https://www.doca.gov.mm/

TIR

## ကမ္ဘောဒီးယား၏ လျှပ်စစ်မော်တော်ယာဉ်ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် ကိုရီးယား လုပ်ငန်းရှင်များ စိတ်ဝင်စား



ကမ္ဘောဒီးယားတွင် လျှပ်စစ်မော်တော်ယာဉ်များ အသုံးပြုမောင်းနှင်မှုစဉ်ဆက်မပြတ် များပြားလာရာ အထူးသဖြင့် ကမ္ဘာတစ်ဝှမ်း ဓာတ်ဆီ ဈေးနှုန်းများ မြင့်တက်လျက်ရှိသော အချိန်အခါတွင် တောင်ကိုရီးယား ရင်းနှီးမြှုပ်နှံမှု ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ကမ္ဘောဒီးယားတွင် လျှပ်စစ်မော်တော်ဆိုင်ကယ် ထုတ်လုပ်သည့် စက်ရုံတစ်ခုတည်ဆောက်ရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယား၏ လမ်းများတွင်အများဆုံးမြင်တွေ့ရသည့် Verywords အမျိုးအစား လျှပ်စစ်မော်တော်ဆိုင်ကယ်အပါအဝင် တောင်ကိုးရီးယားနိုင်ငံ၏ လျှပ်စစ် မော်တော်ဆိုင်ကယ် တပ်ဆင်ထုတ်လုပ်သူအများအပြားကို ချိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယား ရင်းနှီးမြှုပ်နှံမှုအဖွဲ့၏ ဒုတိယအမြဲတမ်းအတွင်းဝန်ဖြစ်သူ Youn Heng သည် တောင်ကိုရီးယား ရင်းနှီးမြှုပ်နှံမှု

ကိုယ်စားလှယ်အဖွဲ့ကို မတ်လဖြစ်ရက်နေ့တွင် ကမ္ဘောဒီးယား ဖွံ့ဖြိုးတိုးတက်မှုကောင်စီရုံးချုပ်တွင်တွေ့ဆုံခဲ့သည်။

ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ကမ္ဘောဒီးယား ပြည်သူများ၏အကြား လျှပ်စစ်မော်တော်ယာဉ်အသုံးပြုမှု ကြီးထွားလာမှုအပေါ် စိတ်ဝင်စားကြောင်း၊ ထို့ကြောင့် မော်တော်ဆိုင်ကယ်တပ်ဆင်ထုတ်လုပ်သည့် စက်ရုံကို တည်ဆောက်ခြင်းဖြင့် ကမ္ဘောဒီးယားနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် အလားအလာများကို လေ့လာလို ပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

Heng က ကိုယ်စားလှယ်အဖွဲ့အား ကမ္ဘောဒီးယားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် အစိုးရအနေဖြင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပမှနိုင်ငံခြားငွေစီးဝင်မှုတို့ကို ဖိတ်ခေါ်၍ တိုးမြှင့်လာစေရေး အလေးထားဆောင်ရွက်နေကြောင်း ပြောကြားခဲ့သည်။

အများပိုင်ယာဉ်နှင့်ပို့ဆောင်ရေးဝန်ကြီးဌာန၏ ပြောခွင့်ရပုဂ္ဂိုလ် Phon Rim က ကမ္ဘာ တစ်ဝန်းတွင် လျှပ်စစ်မော်တော်ယာဉ်အသုံးပြုမှုများပြားလျက်ရှိရာ ထိုသို့အသုံးပြုခြင်းဖြင့် ဒေသတွင်းနှင့် ကမ္ဘာတစ်ဝှန်း ဖြစ်ပေါ်တိုးတက်နေမှုများနှင့်လျော်ညီစွာ ပတ်ဝန်းကျင်ကာကွယ် ထိန်း သိမ်းခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်း၊ စွမ်းရည်လုံခြုံစိတ်ချရခြင်းနှင့် နည်းပညာအသစ်များအား အသုံးပြုနိုင်ခြင်းစသည့် ကိစ္စရပ်များတွင် အကျိုးကျေးဇူးများရရှိစေနိုင်ကြောင်း ပြောကြားထားသည်။

အစိုးရအနေဖြင့် ကုန်စည်နှင့်အခြားဝန်ဆောင်မှုများ ပို့ဆောင်ခြင်းနှင့်ခရီးသွားလာခြင်းတို့တွင် လွယ်ကူချောမွေ့စေရန်အတွက် မော်တော်ယာဉ်အသုံးပြုမှုကို လွတ်လပ်ခွင့်ပေးထားကြောင်း၊ လျှပ်စစ်မော်တော်ယာဉ် အသုံးပြုမှုပမာဏ (အထူးသဖြင့် မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ) သည်သိသာစွာ တိုးတက်များပြားလျက်ရှိကြောင်း၊ ကမ္ဘောဒီးယား လျှပ်စစ်ဓာတ်အား ထုတ်လွှတ်သည့်အာဏာပိုင်အဖွဲ့အနေဖြင့် လျှပ်စစ်မော်တော်ယာဉ် အသုံးပြုမှုကြီးထွားလာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခွင့်လိုင်စင်များရယူထားသည့်ရင်းနှီးမြှုပ်နှံသူများအား လျှပ်စစ်မော်တော်ယာဉ်ဓာတ်အားဖြည့်သွင်းရုံများတွင် ရင်းနှီးမြှုပ်နှံနိုင်ခြေရှိမှုကို လေ့လာရန် မကြာသေးမီက တိုက်တွန်းထားကြောင်း သိရသည်။

ကမ္ဘောဒီးယားအနေဖြင့် ကိုရီးယားနိုင်ငံနှင့်ပူးပေါင်း၍ Verywords နှင့် Onion ကဲ့သို့သောလျှပ်စစ်မော်တော်ဆိုင်ကယ် အပါ အဝင် လျှပ်စစ်သုံးဘီးဆိုင်ကယ် တပ်ဆင်ထုတ်လုပ်သည့် စက်ရုံအများအပြားတည်ဆောက်ထားကြောင်း သိရသည်။

ထို့ပြင် ကမ္ဘောဒီးယားတွင် BYD ၊ ZO MOTORS (CAMBODIA) CO.,LTD စသည့်လျှပ်စစ်မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်သည့် စက်ရုံ အများအပြားရှိကြောင်းသိရသည်။

၂၀၂၅ ခုနှစ်အကုန်အထိ ကမ္ဘောဒီးယားတွင် မှတ်ပုံတင်ထားသည့် လျှပ်စစ်မော်တော်ယာဉ် ၁၂,၉၆၈ စီး (မော်တော်ကား ၉၀၆၅ ၊ မော်တော်ဆိုင်ကယ် ၃၂၀၃ နှင့် သုံးဘီးယာဉ် ၇၀၀) ရှိကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

Source: ThePhnomPenhPost, 9March2026

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

## ရင်းနှီးမြှုပ်နှံမှုများအားကောင်းခဲ့မှုကြောင့် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ၃ လပတ်ကာလ တွင် ဂျပန်နိုင်ငံ၏ နှစ်စဉ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ၁ ဒသမ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့

ဂျပန်ဝန်ကြီးချုပ် Ms. Sanae Takaichi က ဦးစားပေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ကြရန် တွန်းအားပေးခဲ့သည့်အတွက် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ သုံးလပတ်ကာလတွင် ဂျပန်နိုင်ငံ၏နှစ်စဉ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ၁ ဒသမ ၃ ရာခိုင် နှုန်းမြင့်တက်ခဲ့ကြောင်းနှင့် ယခင်က သုည ဒသမ၂ ရာခိုင်နှုန်းသာမြင့်တက်နိုင်သည်ဟု ခန့်မှန်းခဲ့ကြောင်း ၁၀-၃-၂၀၂၆ ရက်နေ့ထုတ် The Mainichi သတင်းစာတွင် “Japan economy grows 1.3% in Oct.–Dec., revised up, on stronger investment” ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

အဆိုပါသတင်းတွင် ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး၏ ထက်ဝက်ကျော်ကိုကိုယ်စားပြုလျက်ရှိသည့်

ပုဂ္ဂလိကဝယ်ယူသုံးစွဲနိုင်စွမ်းမှာ ၆ လတာအတွင်း ပထမဆုံးအကြိမ် မြင့်တက်ခဲ့ကြောင်း၊ အရှေ့အလယ်ပိုင်းဒေသ၌ ပဋိပက္ခများဖြစ်ပွားလျက်ရှိကာ ရေနံစိမ်းဈေးနှုန်းများမြင့်တက်လျက်ရှိသည့်အတွက် သယံဇာတအရင်းအမြစ်နည်းပါးသည့် ဂျပန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အလားအလာများမှာ မှေးမှိန်လျက်ရှိသည်ဟု ဂျပန်စီးပွားရေးပညာရှင်များက ပြောကြားထားကြောင်း ဖော်ပြထားသည်။

ငွေကြေးဖောင်းပွမှုကိုထည့်သွင်းတွက်ချက်ထားသည့် ဂျပန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ယခင်သုံးလ ပတ်ကာလနှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်းနှင့် ယခင်က သုည ဒသမ၁ ရာခိုင်နှုန်းသာမြင့်တက်နိုင်သည်ဟု ခန့်မှန်းခဲ့ကြကြောင်း ဂျပန်အစိုးရအဖွဲ့မှ ထုတ်ပြန်ထားကြောင်း၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ သုံးလပတ်ကာလတွင် ဂျပန်နိုင်ငံ၏ငွေလုံးငွေရင်းသုံးစွဲမှုပမာဏမှာ ၁ ဒသမ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်းနှင့် ယခင်က သုည ဒသမ ၂ ရာခိုင်နှုန်းသာမြင့်တက်နိုင်သည်ဟုခန့်မှန်းခဲ့ကြောင်း၊ဉာဏ်ရည်တုနည်းပညာများကျယ်ပြန့်လာသည်နှင့်အမျှ တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်သည့်စက်ပစ္စည်းများထုတ်လုပ်သောလုပ်ငန်းများနှင့် Data Centers တည်ဆောက်သည့် လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများအဓိကဝင်ရောက်ခဲ့ကြောင်း၊ လုပ်အားခများကြီးမြင့်လာခြင်းကြောင့် ကုမ္ပဏီများအနေဖြင့် ဒစ်ဂျစ်တယ်စနစ်သို့ အသွင်ကူးပြောင်းခြင်းနှင့်အခြားသော လုပ်အားချွေတာ စေသည့် နည်းပညာဆော့ဝဲလ်များဝယ်ယူသုံးစွဲလာကြကြောင်း ဖော်ပြထားသည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ သုံးလပတ်ကာလတွင် အစိုးရရင်းနှီးမြှုပ်နှံမှုမှာ သုည ဒသမ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်းနှင့် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလအထိ သုံးလပတ်ကာလတွင် ၁ ဒသမ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ သုံးလပတ်ကာလတွင် မော်တော်ယာဉ်အသစ်ဝယ်ယူမှု ကျဆင်းခဲ့သော်လည်း လက်ကိုင်ဖုန်းအမျိုးအစားအသစ်များဝယ်ယူမှုများပြားခဲ့သည့်အတွက် ပုဂ္ဂလိကဝယ်ယူသုံးစွဲမှုမှာ သုည ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ အိမ်ရာအဆောက်အအုံရင်းနှီးမြှုပ်နှံမှုမှာ ၄ ဒသမ၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ဖော်ပြထားသည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ သုံးလပတ်ကာလတွင် ဂျပန်နိုင်ငံ၏ ပို့ကုန်နှင့်သွင်းကုန်မှာ သုည ဒသမ၃ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ပုဂ္ဂလိကဝယ်ယူသုံးစွဲနိုင်စွမ်းဆက်လက်မြင့်မားနေမည်ဖြစ်သဖြင့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ သုံးလပတ်ကာလတွင် ဂျပန်နိုင်ငံ၏ စီးပွားရေးအခြေအနေမှာ ဆက်လက်ကောင်းမွန်နိုင်သည်ဟု ဂျပန်စီးပွားရေးပညာရှင်များက ခန့်မှန်းထားကြောင်း၊ အမေရိကန်နိုင်ငံနှင့်အစ္စရေးနိုင်ငံတို့မှ အီရန်နိုင်ငံကို တိုက်ခိုက်ခဲ့ခြင်းကြောင့် လတ်တလောတွင် ရေနံဈေးနှုန်းများမြင့်တက်လျက်ရှိသည့်အတွက် ပြည်ပမှ စွမ်းအင်ကိုမှီခိုနေရသည့် ဂျပန်နိုင်ငံ၏ စီးပွားရေးအပေါ် သက်ရောက်မှုများဖြစ်ပေါ်နိုင်ကြောင်းနှင့် ၂၀၂၆ ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ သုံးလပတ်ကာလတွင် ဂျပန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် သက်ရောက်စေနိုင်သည်ဟု ခန့်မှန်းထားကြောင်း ဖော်ပြထားသည်။

ငွေကြေးဖောင်းပွမှုကို ထည့်သွင်းတွက်ချက်ထားခြင်းမရှိသည့် ဂျပန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ သုံးလပတ်ကာလတွင် ၃ ဒသမ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်းနှင့် ယခင်က ၂ ဒသမ၃ ရာခိုင်နှုန်းသာမြင့်တက်နိုင်သည်ဟု ခန့်မှန်းခဲ့ရာမှ ပိုမိုမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

**Source : (သူဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့)**

https://myantrade.gov.mm/

# STOCK EXCHANGE (16.3.2026)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 16th Mar. 2026

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,580 (Shares) | 49,779,800 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,500 | +0 | +0.00% | 12,500 | 12,500 | 12,000 | 682 | 8,513,000 | 33,109,694 | 413,871 |
| MTSH | 00002 | 6,300 | -100 | -1.56% | 6,400 | 6,400 | 6,300 | 2,417 | 15,317,500 | 38,929,150 | 245,254 |
| MCB | 00003 | 8,600 | +0 | +0.00% | 8,500 | 8,600 | 8,500 | 470 | 3,997,000 | 10,400,986 | 89,449 |
| FPB | 00004 | 3,600 | +50 | +1.41% | 3,600 | 3,600 | 3,600 | 1,866 | 6,717,600 | 29,664,613 | 106,793 |
| TMH | 00005 | 3,400 | +50 | +1.49% | 3,400 | 3,400 | 3,350 | 245 | 826,600 | 12,823,224 | 43,599 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 1,701 | 2,901,750 | 19,977,223 | 34,960 |
| AMATA | 00007 | 4,000 | +50 | +1.27% | 4,000 | 4,000 | 4,000 | 300 | 1,200,000 | 10,497,598 | 41,990 |
| MAEX | 00008 | 3,600 | +0 | +0.00% | 3,600 | 3,600 | 3,500 | 2,899 | 10,306,350 | 23,804,946 | 85,698 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Pre-Listing Board > Market Data > Market Summary

## Market Summary

As of 16th Mar. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| PLB INDEX | 2,915.27 | +0.00 | +0.00% | 2,915.27 | 2,915.27 | 2,915.27 | 405 | 9,628,800 | 2 | 169,267 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 16th Mar. 2026

| Trading Volume | Trading Value |
|---|---|
| 10,985 (Shares) | 59,408,600 (MMK) |

## Main Board

As of 1:00 pm, 16th Mar. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,580 (Shares) | 49,779,800 (MMK) |

| MYANPIX | 562.84 ▼ 0.66 |
|---|---|
| Total Volume (shares) | 10,580 |
| Total Value (MMK) | 50 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,061,614 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,500 | ▲ 0 |
| MTSH | 00002 | 6,300 | ▼ 100 |
| MCB | 00003 | 8,600 | ▲ 0 |
| FPB | 00004 | 3,600 | ▲ 50 |
| TMH | 00005 | 3,400 | ▲ 50 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,000 | ▲ 50 |
| MAEX | 00008 | 3,600 | ▲ 0 |